အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ကျင်ငယ်စွန့်သည့်အခါမိမိ၏အရှက်အင်္ဂါကို ညာဘက်လက်ဖြင့်

ထိကိုင်ခြင်းမပြုနှင့်။ အိမ်သာတက်သည့်အခါ

ညာဘက်လက်ဖြင့် ပွတ်တိုက်ဆေးကြောသန့်စင်ခြင်း

မပြုနှင့်။ ရေသောက်သည့်အခါ ရေခွက်ထဲသို့

အသက်ရှုထုတ်ခြင်းမပြုနှင့်။

အဗူကသာဒဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ကျင်ငယ်စွန့်သည့်အခါ
မိမိ၏အရှက်အင်္ဂါကို ညာဘက်လက်ဖြင့် ထိကိုင်ခြင်းမပြုနှင့်။ အိမ်သာတက်သည့်အခါ
ညာဘက်လက်ဖြင့် ပွတ်တိုက်ဆေးကြောသန့်စင်ခြင်း မပြုနှင့်။ ရေသောက်သည့်အခါ
ရေခွက်ထဲသို့ အသက်ရှုထုတ်ခြင်းမပြုနှင့်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အာဒါဗ် စည်းကမ်းအချို့ကိုရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ အမျိုးသားများသည် ကျင်ငယ်စွန့်သည့်အခါမိမိ၏အရှက်အင်္ဂါကို ကိုင်တွယ်ခြင်းမပြုရန်တားမြစ်ထားသည်။ အရှေ့၊အနောက်ဒွါရနှစ်ခုမှ အညစ်အကြေးများကို ညာဘက်လက်ဖြင့် ဆေးကြောသန့်စင်ခြင်း မပြုရန်တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော ညာဘက်ကို မွန်မြတ်သော ကိစ္စများအတွက်သတ်မှတ်ထားသည့်အတွက်ဖြစ်သည်။ ထိုနည်းတူ လူတစ်ဦးသည် မိမိသောက်နေသော ရေခွက်အတွင်းသို့ ‌ အသက်ရှုထုတ်ခြင်းကိုလည်း တားမြစ်ထားသည်။

http://www.sunnah.global/hadeeth/my/show/3079